

ရွှေမျက်နှာသခင်မ
ပန်းကိုးပွင့်
စာအုပ်တိုက်

# အခန်း (၁)

"ခရစ်နှစ် ၁၀၇ ခုနှစ်တွင် ပုဂံမင်းဆက်၏ ပထမဆုံးမင်းဖြစ်သည့် သမုဒ္ဒရာဇ်မင်းသည် ရွာ(၁၉) ရွာအား ပေါင်းစု၍ ပထမပုဂံအဖြစ် တည်ဆောက်ခဲ့၏။

ထိုရွာ (၁၉) ရွာထဲတွင် မြေခဲတွင်း (ယခု) မြေသင်းတွင်းရွာသည် လည်း အပါအဝင် ဖြစ်ခဲ့၏။

မြေခဲတွင်းရွာမှာ ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်း၏ အရှေ့ဘက် (၄) မိုင်အကွာ တောင်ဘရွာ၏ အရှေ့ဘက်၌ တည်ရှိလေ၏။

ထိုမြေခဲတွင်းရွာ၏ ထူးခြားချက်မှာ ရှေးအစဉ်အဆက် အမျိုးသမီးကြီးများ အုပ်ချုပ်ခဲ့ကြပေ၏။

၁၇၆၅ခုနှစ် ဆင်ဖြူရှင်မင်းလက်ထက် နောက်ဆုံးစစ်တမ်းအရ ထိုမြေခဲတွင်းရွာအား ဆက်ခံခဲ့သော အမျိုးသမီးသူကြီးများမှာ ဒေါ်ငြိမ်သား၊ ဒေါ်စံ၊ ဒေါ်ဝေ၊ ဒေါ်အိမ် ... တို့ ဖြစ်ကြောင်း သိရလေ၏ "

စာရေးသူ

အပိုင်း (၁)

(၁၉၂၃ .... ခုနှစ်) ကိုလိုနီခေတ်

ညောင်ဦးမြို့ အပိုင်မှာ ရှိတဲ့ မြေခဲတွင်းရွာလေးဟာ အမှောင်ထုကြီး စိုးပြီး တစ်ရွာလုံး တိတ်ဆိတ်နေတယ်။

မြေခဲတွင်းရွာသူကြီး အိုင်မြသင်တစ်ယောက် ဘုရားဝတ်ပြုပြီးနောက် ရေနံဆီမီးခွက်လေးကို ဆွဲကိုင်ရင်း အိပ်ခန်းရှိရာ လျှောက်လာတယ်။

သူကြီးအိုင်မြသင်ဆိုတာက အသက်ခြောက်ဆယ်ကျော် ဇရာအရွယ်ရှိ အဘွားကြီးတစ်ယောက်ဖြစ်သလို မြေခဲတွင်းရွာရဲ့ ရှေ့သူကြီး ဒေါ်အိုင်စံခရဲ့ လွှဲပြောင်းမှုအရ သူကြီးနေရာ ဆက်ခံခဲ့ရသူလည်း ဖြစ်တယ်။

သူကြီးအိုင်မြတင်တစ်ယောက် အိပ်စက်ဖို့ အတွက် ရေနံဆီမီးခွက်လေးကို မှိတ်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာ ပဲ .....

"အိုင်မြသင် ... အိုင်မြသင်၊

အိပ်ပြီလား .... အိုင်မြသင်"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

ဒါကြောင့် သူမ မျက်မှောင်ကြုတ်သွားပြီး ....

"အချိန်မတော်ကြီး ဘယ်သူတုန်းဟေ့၊

တက်ခဲ့ ... တက်ခဲ့ ငါမအိပ်သေးဘူး"

လို့ လှမ်းပြောရင်း အိမ်ရှေ့ထွက်ခဲ့တယ်။

ထိုအခါ အိမ်ပေါ်တက်လာတဲ့ ရွာသူအမျိုးသမီးကြီးတစ်ယောက်ကို မြင်လိုက်ရတယ်။

"ဟဲ့ .... ရေးကြီးသုတ်ပျာဟန်နဲ့ ဘယ်လို ဖြစ်လာတုန်း မိစံရဲ့ ၊ အထိတ်တလန့် ရှိလိုက်တာ"

မိစံဆိုတဲ့ အမျိုးသမီးဟာ အမောတကောလေသံကြီးနဲ့

"ကျုပ် .. ကျုပ်သမီး ဗိုက်နာနေလို့ တော်၊ အဲ ... အဲဒါ အိုင်မြသင်ကို လာပြောတာ၊ လက်သည် လည်း အိမ်ရောက်နေပြီ"

လို့ ပြောလာတဲ့ အခါ အိုင်မြသင်တစ်ယောက် လူပ်လူပ်ရှားရှား ဖြစ်သွားပြီး ....

"ဟင် ....ဒါဆို မွေးတော့မှာ ပေ့ါ၊ မဖြစ်ဘူး၊ မဖြစ်ဘူး..... ငါအမြန်သွားမှ ဖြစ်မယ်၊ ဒါမှ ဘာလေးမွေးလဲဆိုတာ အရင်ဆုံး သိရမှာ "

လို့ ရေရွတ်ရင်း မိစံနဲ့ အတူ အပြေးတစ်ပိုင်း လိုက်သွားတယ်။

မိစံတို့ တဲ့ ကို ရောက်တဲ့ အခါ မီးနေသည် ရဲ့ အော်ဟစ်သံတွေနဲ့ အတူ လက်သည် ကြီးရဲ့ အားပေးနှစ်သိမ့်သံတွေကိုပါ ကြားနေရတယ်။

အိုင်မြသင်ဟာ တဲအိမ်လေးထဲမှာ ရှိနေတဲ့ ရွာသူတချို့ကို လှမ်းပြီး ....

"ဟဲ့ .... မမွေးသေးဘူးလား၊ အခြေအနေရော ဘယ့်နှယ်လဲအေ့"

လို့ မေးလိုက်တဲ့ အခါ ရွာသူတစ်ယောက်က ..

"ဟုတ်ကဲ့ သူကြီး ... မမွေးသေးပါဘူး ၊ မိဝေက ဗိုက်က အကြီးကြီးဆိုတော့ မွေးရခက်နေပြီ ထင်ပ့ါရှင်"

"ဟဲ့ ..... ဗိုက်က ကြီးတာနဲ့ မွေးရခက်တာ ဘာဆိုင်လို့ လဲ၊ ဟဲ့ မိစံ ... ညည်းကလည်း သမီးမျက်နှာမြင်တဲ့ ဟာ အင်္ဂလိမာလသုတ်လေး ဘာလေး ရွတ်ပါဟ၊ ငါ့လို အပျိုကြီးက နေရာတကာ လိုက်ပြောနေရတာ မဟုတ်သေးပါဘူးအေ"

အိုင်မြသင်ရဲ့ အပြောကြောင့် မိစံမှာ သူမရသလောက် ဘုရားစာကို ရွတ်ဖတ်လိုက်တယ်။

ဒီအချိန်မှာ ပဲ အိပ်ခန်းထဲက ကလေးငိုသံသဲ့သဲ့ကို ကြားလိုက်ရတယ်
။

ကလေးငိုသံကြောင့် အိမ်သားတွေထက် သူကြီးအိုင်မြသင်ဟာ အကြီးအကျယ် စိတ်လှုပ်ရှားသွားပြီး .....

မီးနေခန်းထဲ ပြေးဝင်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာ ပဲ လက်သည် ကြီးရဲ့ အထိတ်တလန့် အော်ဟစ်သံကို ကြားလိုက်ရတယ်။

"အမယ်လေးတော့် .... မိဝေ ၊ မိဝေ မွေးတာ

အမြွှာပူးကြီး ...... အမြွှာပူးကြီးတော်"

ထိုအသံကြောင့် သူကြီးအိုင်မြသင်တစ်ယောက် ခေါင်းထဲ မိုက်ခနဲ ဖြ စ်သွားပြီး အရုပ်ကြိုးပြတ်သူနှယ် ထိုင်ချလိုက်မိတယ်။

အိုင်မြသင်ရဲ့ မျက်နှာသည် ကား အကြီးအကျယ် ပျက်လျက် .....။

*

## "အိုင်မြသင်က ဘာလို့ မျက်နှာပျက်သွားတာလဲ"
## အပိုင်း (၂)

ဒေါ်မိမိစံရဲ့ သမီး မိဝေတစ်ယောက် အမြွှာပူးကလေးမွေးတဲ့ သတင်းက မြေခဲတွင်းတစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်သွားတယ်။

ရွာသားတောင်သူကြီးတွေဟာ ထိုသတင်း ကြားသိတဲ့ အခါ ...

"သူ့ ကျွန်ဘဝကျရောက်လို့ စပါးဈေးတွေ ကျဆင်းနေပါမှ ရွာမှာ အမြွှာပူးမွေးတဲ့ သူက ပေါ်လာတယ်၊ ဒါဟာ .. မြေခဲတွင်းရွာအတွက် နိမိတ်ဆိုးပဲကွ၊ ကလေးမွေးဖွားတာ မင်္ဂလာ သတင်းဖြစ်ပေမယ့် အမြွှာပူးမွေးတာ .. အ မင်္ဂလာပဲ၊ ရွာမှာ စီးပွားရေး ဒီထက်ပိုပြီး ကျပ်တည်းတော့မယ် ထင်ပါရဲ့ ကွာ"

လို့ ညည်းညူကြသလို ....

"ကလေး အမြွှာပူးမွေးတယ်ဆိုတာ ကြုံတောင့်ကြုံခဲဖြစ်ရပ်ပဲ၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ရွာမှာ အမြွှာပူးမွေးခဲ့ခြင်းဟာ နောက်ဆုံးပါပဲ၊ သူရင်းငှားသောဖဲတို့ လင်မယားလေ ... ကလေးအမြွှာပူးမွေးပြီး မကြာဘူး .... ရွာမှာ ဝမ်းရောဂါ ကပ်ဆိုးကြီး ဆိုက်လို့ သူတို့ လင်မယားရော ကလေးအမြွှာပါ သေဆုံးခဲ့ရသလို ရွာက လူတွေလည်း အများ အပြား သေကျေပျက်စီးခဲ့ရတယ်ကွဲ့"

လို့ လူကြီးပိုင်းမှ ပြောကြသလို ....

"ဟင် ... ဒါဆို ရွာမှာ ဘယ်လိုကံကြမ္မာဆိုးတွေ ကြုံရဦးမလဲ မသိဘူး၊ ကျုပ်တို့ က လူငယ်တွေဆိုတော့ လူကြီးတွေ ပြောလို့ သာ နားထောင်နေရတာ၊ တခြားနေရာတွေမှာ လည်း အမြွာပူးကလေးဆိုတာ ရှိကြမှာ ပါ၊ ဘာကြောင့် ကျုပ်တို့ ရွာသားတွေနဲ့ သူကြီးအိုင်မြသင်က အမြွာပူးမွေးမှာ ရွာမှာ သိပ်ကြောက်နေရတာလဲ"

လူငယ်တစ်စုရဲ့ မေးစကားအဆုံးမှာ သူကြီးအိုင်မြသင်နဲ့ ရွာသူတချို့ဟာ ၎င်းတို့ ရှိရာ လျှောက်လာတာ တွေ့လိုက်ရတယ်။

အိုင်မြသင်က လူငယ်တွေကို မျက်နှာမသာမယာနဲ့ မျက်လုံးဝေ့ကြည့်ရင်း ....

"ငါနဲ့ မြေခဲတွင်းရွာသားချည်း ကလေးအမြွာမွေးခြင်းကို ကြောက်ရွံ့ကြတာ မဟုတ်ပါဘူး၊ ဒါဟာ လွန်ခဲ့တဲ့ ရှေးပဝေသဏီထဲက ပုဂံမြေမှာ တည်ရှိခဲ့တဲ့ အယူအဆတစ်ခုပါ၊ ဟိုး အတိတ်တစ်ချိန်က .. ပုဂံမင်းဆက် ငါးဆယ်ငါးပါးရှိတဲ့ အနက် ငါးဆယ့်နှစ်ယောက်မြောက် နရသီဟပတေ့မင်းလက်ထက်ကပေါ့ မင်းကြီးရဲ့ မိဖုရားတစ်ပါးဟာ အမြွာပူးသားနှစ်ယောက်ကို ဖွားမြင်ခဲ့တယ်၊ မြန်မာဘုရင်တွေ အစဉ်အဆက် ကလေးအမြွာမွေးဖွားခြင်းဟာ ကုသိုလ်ကံကောင်းခြင်းကြောင့်လို့ ယူဆခဲ့ကြသလို နရသီဟပတေ့မင်းကြီး ဟာလည်း မိဖုရားက အမြွာမွေးတဲ့ သတင်းကြားတဲ့ အခါ မင်းကြီးဟာ မွန်ဂိုတာတာတွေရဲ့ ရန်ကို ကာကွယ်ဖို့ ဆောက်လုပ်နေတဲ့ ခံတပ်ကိုတောင် ဆက်မဆောက်တော့ဘဲ ရပ်တန့်ထားခဲ့ရတယ်၊ ဒါဟာ ..... အမြွာမွေးလို့ နိမိတ်မကောင်းဘူးဆိုတဲ့ အချက်ကြောင့်ပါပဲ၊ အဲဒီလို အကြောင်းအရာရှိခဲ့သလို ရာဇဝင်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ အမတ်ကြီး ရာဇသင်္ကြန်ရဲ့ သားတွေဖြစ်ကြတဲ့ အုတ်လှကြီးနဲ့ အုတ်လှငယ်တို့ ဟာလည်း တစ်ချိန်

တည်း အမိဝမ်းက ကျွတ်ကြတဲ့ အမြွာကလေးတွေပါပဲ၊ သူတို့ နှစ်ယောက်စလုံး ဘုရင်ရဲ့ အမှုတော်ထမ်းတွေ ဖြစ်ခဲ့ကြသလို အနန္တပစ္စည်းနဲ့ ရန္တပစ္စည်းဆိုတဲ့ ဘွဲ့တွေကိုတောင် ရှင်ဘုရင်ကိုယ်တိုင် ချီးမြှင့်မြှောက်စားလို့ ရခဲ့ကြတယ်၊ အနန္တပစ္စည်းဘွဲ့ခံအုတ်လှေကြီးဟာ ဆရာတော် ရှင်ဒီသာပါမောက္ခဦးဆောင်တဲ့ တရုတ်ပြည်ဘွား ငြိမ်းချမ်းရေး အဖွဲ့မှာ တောင် ပါခဲ့ပါသေးတယ်၊ ကလေးအမြွာမွေးဖွားလို့ နိမိတ်မကောင်းဘူးဆိုတဲ့ အယူအဆဟာ ငါအိုင်မြသင်နဲ့ မြေခဲတွင်းရွာရဲ့ အစဉ်အလာ ယူဆချက်တစ်ခု မဟုတ်ဘူး ဆိုတာ သိထားကြပါ၊ ငါတို့ ရဲ့ မြေမှာ အုပ်ချုပ်စိုးစံခဲ့တဲ့ ရှေးမြန်မာမင်းတွေရဲ့ အစဉ်အလာ ယူဆချက်တစ်ခုဆိုတာ အားလုံးမှတ်ထားကြပါ၊ ငါ့အနေနဲ့ ကတော့ ရွာမှာ ကလေးအမြွာပူးမွေးပြီးပြီဆိုတော့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရတော့မှာ ပေါ့"

လို့ ပြောလိုက်တော့တယ်။

*